
ကိန္နရီလစဉ်

# မင်းမြတ်သုရ

## ပတ္တမြားဆန်ကျိုး အပိုးပြည်တန်




ပန်းချီ

**အင်ဒီးယန်း**

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းဒေသ ထောင်ကြီးတစ်ထောင်ရှိ ထောင်ပိုင်ကြီး၏နေအိမ်တွင်မွေးဖွားရန် အချိန်နီးကပ်နေသောထောင်ပိုင်ကြီးကတော်သည် နာကျင်စွာအော်ဟစ်ညည်းညူနေလေ၏ ။ထောင်ပိုင်ကြီးကတော်၏အနီးတွင် လက်သည်ကြီး၊လက်သည်လတ် ၊လက်သည်ငယ်များနှင့်စည်စည်ကားကားရှိသော်လည်း စိတ်လှုပ်ရှားနေသောထောင်ပိုင်ကြီးသည်အခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်လေ၏ ။




ခဏအကြာတွင် ထောင်ပိုင်ကြီးကတော်၏အော်ဟစ်သံမှာ ပိုမိုဆူညံလာပြီးလက်သည်များလည်းလှုပ်လှုပ်ရှားရှား ဖြစ်စပြုလာ၏။ ထောင်ပိုင်ကြီးလည်းမရိုးမရွဖြစ်လာလေ၏။ သူသည် ရသမျှဘုရားစာများကို ကဘောက်တိကဘောက်ချာ ရွတ်ဖတ်လေ၏။ အင်္ဂုလိမာလသုတ်ကို ရွတ်သော်လည်း ငါးရံ့မင်းပရိတ်ကိုရောက်လိုက်၊ ငုံးမင်းပရိတ်ကိုရောက်လိုက် ဖြစ်နေရှာ၏။




ဟုအော်ဟစ်လိုက်လေရာ ထောင်ပိုင်ကြီးသည်ထခုန်မတက်ဝမ်းသာသွား၏ ။ထိုအချိန်တွင်အခန်းရှေ့တွင် ကလေး၏ရက်ချုပ်ကိုရေးရန်အသင့်စောင့်ကြိုနေသော အကျဉ်းသားဗေဒင်ဆရာဆရာလှဆိုသူက တိုင်ကပ်နာရီကိုကြည့်၍ ကျီးမနားထန်းရွက်ပေါ်တွင်ကညစ်ဖြင့် အောက်ပါအတိုင်း ရေးခြစ်လိုက်တော့၏ ။



ဧယတု ။ ။ကောဇာသက္ကရာဇ် ၁၃၀၀ပြည့်နှစ်နှောင်းတန် ခူးလဆန်း၃ရက်နေ့အင်္ဂါ နေ့ညစက်နာရီ ၁နာရီ၃၀မိနစ် ၁၅စက္ကန့်တွင်မာတာမိခင်သတို့သားကိုဖွားသန့်စင်သည် ။အသက်၁၂၀ ရှည်စေသော် ။ထောင်ပိုင်ကြီးသည် အသက်(၄၀)ကျော်မှ ငယ်ရွယ်သော မိန်းမကိုရသဖြင့်ကလေးရူးရူးနေသူဖြစ်၏ ။တစ်လခန့်ကြာသောအခါ ထောင်ပိုင်ကြီး၏သားအား နာမဏာရဏာအမည်ပေးကင်ပွန်းတပ်မင်္ဂလာ ကျင်းပနိုင်ရန်အကျဉ်းသား ဗေဒင်ဆရာများစုရုံးရောက်ရှိလာလေ၏ ။


ဝေထိပ်ခေါင်ဆရာအောင်ဆိုသူက အဟမ်း အဟမ်းဟု အသံပြုလျှက်
ရှေးထုံးလည်းမပယ်နဲ့ ရှေးသုံးကိုလည်း မလွှယ်နဲ့ဆိုသလို ကျုပ်ကတော့အတုလဆရာခင်ကြီးချော်ရဲ့အင်္ဂဝိဇ္ဇာနည်းအတိုင်း အမည်ပေးချင်တယ်....အင်္ဂဝိဇ္ဇာအရ ပဉ္စပွတ်နံအစ၊ဆပွတ်နံအလယ် အညွန့်အဆုံးဆိုသလို...
ဟုဆိုလိုက်ရာဆရာဂျိုဇက်ဆိုသူက ၎င်း၏စကားကို ဖြတ်၍
ကျုပ်ကတော့ အင်္ဂဝိဇ္ဇာတွေဘာတွေ နားမလည်နိုင်ဘူး....ကျုပ်နားလည်တာကတော့ ဂဏန်းတွေပဲ...ကျုပ်တို့နေထိုင်တဲ့ ကမ္ဘာကြီးမှာ ဂြိုလ်ကြီးကိုးလုံးရှိတယ်..ဂြိုလ်ကြီးကိုးလုံးကြောင့် တစ်ကနေကိုးအထိ ဂဏန်းတွေဖြစ်ပေါ်လာတယ်...ဂဏန်းတွေဟာလူတွေရဲ့ ဘဝဖြစ်စဉ်ကိုစိုးမိုးထားတယ်...ဒါကြောင့်အမည်ပေးတဲ့အခါမှာ ဂဏန်းတွေကသိပ်အရေးကြီးတယ်...
ဟုအာပေါင်ရင်းသန်သန်ဖြင့်ဆိုလိုက်လေ၏ ။ထိုအခါ ဝေဒကစိန်ဆရာပိန်ဆိုသူကလည်း...
ဂဏန်းတွေထက်အရေးကြီးတာက အမည်မှာတံခွန်တွေအခိုးတွေရဖို့ပဲ...တံခွန်ရတဲ့သူဟာ ထိပ်ဆုံးရောက်မယ်ဘဝမှာအောင်မြင်ကျော်ကြားတယ် စီးပွားရေးတိုးတက်မယ် အခိုးရတဲ့သူကတော့အထက်ကိုတလူလူလွင့်မယ်..
ဒီမှာ ဝေဒကဝန်ဆရာလိမ်ခင်ဗျားရဲ့ တံခွန်အခိုးနည်းကကျုပ်ရဲ့အင်္ဂဝိဇ္ဇာနည်းလောက် ကောင်းဦးမလားဗျ..
ဟုဆိုလိုက်ရာဝေဒထိပ်ခေါင်ဆရာအောင်က ဝင်၍..

ဝေဒကဝိန်ဆရာပိန်သည် သူ၏နာမည်အားဝေဒကဝန်ဆရာလိမ်ဟု နာမည်ဖျက်ခြင်းခံရသဖြင့်လွန်စွာ ဒေါသူပုန်ထသွားပြီး ထိပ်ပြောင်နေသောဝေဒထိပ်ခေါင်ဆရာအောင်အား





ဟုကလေးများရန်ဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးစကားနိုင်လုလေ၏ ။နောက်ဆုံးတွင်ဆရာပိန်ကစိတ်မထိန်း နိုင်တော့ဘဲ ဆရာအောင်၏ပြောင်နေသောနဖူးကို ရေနွေးအိုးဖြင့်ထုလေ၏ ။ဆရာအောင်ကလည်းဆရာ ပိန်၏ခေါင်းကို လင်ဗန်းဖြင့်ရိုက်၏ ။ဆရာပိန်ပစ်လိုက်သောကွမ်းအစ်သည်ကြောင်အမ်းအမ်းကြည့်နေသော ဆရာကျော်နီ၏နဖူးကိုမှန်လေရာ ဆရာကျော်နီလည်းရန်ပွဲအတွင်းသို့ ဝင်ရောက်လာ၏ ။

နောက်ဆုံးတွင် ဗေဒင်ဆရာသုံးယောက်သည် ကလေးများရန်ဖြစ်သကဲ့သို့ လုံးထွေးသတ်ပုတ်ကြလေရာ ထောင်ဝါဒါများလာရောက်၍ဖျန်ဖြေနေရ၏ ။ဤသို့ဖြင့်ထောင်ပိုင်ကြီးသား၏ နာမဏာရဏာအမည်ပေးခဲ့သည် ဗေဒင်ဆရာသုံးယောက်၏ရိုက်ပွဲနှင့် အဆုံးသတ်သွားလေ၏ ။နောက်ဆုံးတွင်မူ ထောင်ပိုင်ကြီးကတော် မွေးဖွားသည့်နေ့တွင် ရက်ချုပ်ရေးပေးထားသောဆရာလှဆိုသော ဗေဒင်ဆရာကပင် မောင်ပြည်တန်ဟု အမည်ပေးခဲ့လေ၏ ။



ထောင်ပိုင်ကြီးသည်သားတော်မောင်၏နာမည်ပေး ကင်ပွန်းတပ်သောအထိမ်းအဖြစ် ထောင်သားများအား အုန်းနို့ခေါက်ဆွဲကျွေးလေ၏ ။ထောင်သားများသည် ထောင်ပိုင်ကြီးကျွေးသော အုန်းနို့ခေါက်ဆွဲကို မြိန်ယှက်စွာစားသောက်ရင်းစာရှုပေရှုအကျဉ်းသားတစ်ယောက်က...






ဤသို့ဖြင့် ညနေစောင်းသောအခါ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်ဟုသောစကားသည် ဆောင်တစ်ခုလုံး ပျံ့နှံ့သွားလေ၏ ။ထိုသတင်းကို ကြားသော ထောင်ပိုင်ကြီးကတော်သည် မျက်စိမျက်နှာပျက်ပျက် ထောင်ပိုင်ကြီးထံသို့ ရောက်လာပြီး




ဟု ဝမ်းသာအားရပြောလေ၏.. ထိုအခါမှပင် ထောင်ပိုင်ကြီးကတော် လည်း ပင့်သက်ချနိုင်၏ ။

ဤသို့ဖြင့် မောင်ပြည်တန်သည်အကျဉ်းသားအထိန်းတော်၏လက်တွင် တဖြည်းဖြည်း ကြီးပြင်းလာရ၏ ။ထောင်ပိုင်ကြီး၏နေအိမ်တွင်နေစဉ် ဝေယျာဝစ္စအလုပ်များကိုလာရောက်လုပ်ကိုင်ပေးသော အကျဉ်းသား၅ယောက်ခန့်ရှိ၏ ။ကလေးထိန်းဟူ၍ သီးသန့်ငှားစရာမလိုဘဲ မောင်ပြည်တန်အားအကျဉ်းသားများကပင် ထိန်းကျောင်းပေးကြ၏ ။မောင်ပြည်တန်အားထိန်းကျောင်းသူများသည် လူသတ်မှုနှင့်နစ်ကြီးကျနေသောတရားခံများ၊လူဆိုးဓားပြများ၊လူလိမ်များ၊ခါးပိုက်နှိုက်များ စသည်ဖြင့်စုံလင်လှသည် ။





မောင်ပြည်တန်သည်အကျဉ်းသားများနှင့် နေထိုင်ရခြင်းကိုလွန်စွာနှစ်သက်၏ ။အဘယ်ကြောင့်ဆိုသော်အကျဉ်းသားများသည် ဖခင်ထောင်ပိုင်ကြီးမျက်နှာနှင့် သူ့အားအလိုလိုက်အကြိုက်ဆောင်၍ပေါင်းသင်းသောကြောင့်ဖြစ်၏ ။ထောင်ပိုင်ကြီးသည်မောင်ပြည်တန်အားငယ်စဉ်ကပင် စည်းနှင့်ကမ်းနှင့်နေထိုင်စေ၏ မောင်ပြည်တန်သည်လွတ်လွတ်လပ်လပ်နေထိုင်သူဖြစ်၍ အချိန်အားရှိတိုင်း အကျဉ်းသားများနှင့်သာနေထိုင်လေ့ရှိ၏ ။ထိုအခြင်းအရာများကိုသတိထားမိသော ထောင်ပိုင်ကြီးကသူ၏ဇနီးအား...






သူ၏မိခင်သည်မောင်ပြည်တန်အားအမျိုးမျိုးချော့မော့၍ ကျောင်းသွားရန်ဖျောင်းဖျသော်လည်း မောင်ပြည်တန်သည် အိမ်တိုင်ကိုကျောင်းတက်ရန်ငြင်းဆိုလေ၏ ။ကြာသောအခါ မိခင်သည် စိတ်မရှည်တော့ဘဲဝါးခြမ်းပြားတစ်ချောင်းကိုယူ၍ ကြံရွယ်လေရာဖခင် ထောင်ပိုင်ကြီး ရောက်လာပြီးလေသံတိုးတိုးဖြင့်...


မြ....ဒီလို နေ့မျိုးမှာကလေးကို မရိုက်ရဘူးကွယ်...ကလေးကို ချော့မော့ပြီးပြောရမယ်...အတင်း အကျပ်လုပ်လိုက်ရင်ကျောင်းကို တစ်သက်လုံးမုန်းတီးသွား လိမ့်မယ်...
ဟုပြောလေ၏ ။ထို့နောက်တွင်မူ ဖခင်ထောင်ပိုင်ကြီးက မောင်ပြည်တန်၏အနီးသို့ သွား၍...
လူကလေး ကျောင်းကိုရောက်ရင် ပျော်သွားလိမ့်မယ်..ဟိုမှာလူကလေးနဲ့ကစားဖို့ရွယ်တူကောင်လေးတွေအများကြီးစောင့်နေတယ်၊ ကျောင်းမှာကစားပြီးမောရင်မုန့်တွေလည်းအများကြီးစားလို့ရတယ်... ဟောဒီမှာငွေတစ်မတ်၊လူကလေးသုံးဖို့ပေးလိုက်မယ်..ကြိုက်သလို ဝယ်စားပေတော့...
ဟုချော့မော့ပြောဆိုလိုက်ရာ မောင်ပြည်တန်သည် စိတ်ကြိုက်ကစားရမည်ဆိုသဖြင့် စိတ်ဝင်စားသွားပြီး...
ကျောင်းတက်ရင် ဆရာက တုတ်နဲ့ရိုက်တယ်ဆို.. ဒါကြောင့် ဦးဘာဘာကပြောတယ်..ကျောင်းမတက်ဘဲ ထွက်ပြေးရမယ်တဲ့..စာသင်လည်းအလကားပဲ တဲ့...
ဟုပြောလေ၏ ။ထောင်ပိုင်ကြီးသည်ခိုးမှုနှင့် ထောင်အကြိမ်ကြိမ်ကျဖူးသော ဘာဘာဆိုသူကိုလွန်စွာဒေါသထွက်သွားလေ၏ ။
၁၀


ဘာဘာ ကအလကားကောင် ပါသားရယ်..သားကိုသူက လိမ်ပြောနေတာပါ...ကျောင်းတက်ရင်သားပျော်သွားလိမ့်မယ်..အမေနဲ့ လိုက်သွားနော်..
ဟုပြောလိုက်လေ၏...။ မောင်ပြည်တန်က ခေါင်းခါ၍
ဟင့်အင်း အမေနဲ့မလိုက်ချင်ဘူး...အမေက တုတ်နဲ့ရိုက်လိမ့်မယ်..
ဟုဆိုပြန်၏ ။ထိုအခါ ထောင်ပိုင်ကြီးက...
လူကလေး ကိုအဖေကျောင်းလိုက်အပ်ပေးမယ်..လူကလေးကိုကျောင်းတက်မယ် မဟုတ်လား..
ဟုမေးလိုက်၏။မောင်ပြည်တန်က ထောင်ပိုင်ကြီးအမေးကိုမဖြေဘဲ ဘောင်းဘီအိတ်ထဲမှအန်စာသုံးလုံးကိုထုတ်လိုက်၏။
အဖေနဲ့ ကျွန်တော် အန်စာပစ်မယ်.. အဖေနိုင်ရင် ကျွန်တော်ကျောင်းသွားမယ်.. ကျွန်တော်နိုင်ရင်တော့ ကျောင်းမသွားဘူး..
ဟုဆိုလိုက်ရာ ထောင်ပိုင်ကြီးသည် မျက်လုံးပြူးသွားလေ၏ ။ သူ၏သားသည် ထောင်ကျအကျဉ်းသားများနှင့် ပေါင်းသင်းပြီးအတတ်မျိုးစုံကို တတ်ကျွမ်းနေလေပြီ ။
၁၁


မောင်ပြည်တန်က အန်စာသုံးလုံး ကိုလက်ထဲတွင် ခလောက်၍
ဘယ်လို လဲအဖေ....အန်စာ ပစ်မယ် မဟုတ် လား..
ဟုစိန်ခေါ်သောလေသံဖြင့် အန်စာ ပစ်သင့် မပစ်သင့်စဉ်းစားနေလေ၏ အန်စာပစ်နိုင်လျှင်တော်ပေသေးသည်။ မနိုင်လျှင်ခက်ပေလိမ့်မည်။ထို့ကြောင့် ထောင်ပိုင်ကြီးက ချော့မော့သောလေ သံဖြင့်..
သား ရယ်..အန်စာပစ် တယ်ဆိုတာမကောင်းပါ ဘူး..လောင်းကစားအလုပ် ကွယ်..သားကျောင်းကို အဖေလိုက်ပို့ပေးမယ် နော်..
ဟင့်အင်း အန်စာမပစ်ရင်ကျောင်း မတက်ဘူးဖေဖေလူကြောက် ကြီး...ဦးဥတိုကပြောတယ်... အန်စာမပစ်ရဲတဲ့လူတွေက လူကြောက်တွေတဲ့
ဟုဆိုလိုက်လေ၏ ။ထောင်ပိုင်ကြီးသည် ဖဲဝိဇ္ဇာအကျဉ်းသားဥတို၏ မျက်နှာကိုမြင် ယောင်လိုက်ပြီး ၎င်းအားစိတ်ထဲမှကျိန်ဆဲ လိုက်၏ ။သူ၏သားသည်အကျဉ်းသမား လူဆိုးလူသွမ်းများ၏ ပြောစကားများကို အသေစွဲမှတ်ထားပုံရ၏ ။ယနေ့ အန်စာ မပစ်လျှင်ကျောင်းတက်မည့်ပုံမပေါ်။ထို့ ကြောင့်မျက်လုံးစုံမှိတ်၍ မောင်ပြည်တန် နှင့် အန်စာပစ်ရန်သဘောတူလိုက်လေ၏ ။
၁၂


မောင်ပြည်တန်သည်ဖခင်ကအံစာပစ်မည်
ဆိုသဖြင့် အလွန်သဘောကျသွားပြီး...
ကျွန်တော် အရင်ပစ်မယ် အဖေ..
ဟုဆိုကာအန်စာသုံးလုံးကိုစားပွဲပေါ်သို့ လိမ့်ချလိုက်ရာအန်စာများသည် တစ်၊သုံး၊လေး ရှစ်ပေါက်ကျနေသဖြင့် ထောင်ပိုင်ကြီးသည်မျက်လုံးပြူးသွားလေ၏ ။ရှစ်ပေါက်နိုင်ရန်သူမည်သို့ပစ်ရမည်နည်း...။မောင်ပြည်တန်သည် ဝမ်းသာအားရဖြင့်
ဟိ ဟိ ရှစ်ပေါက်ရထားတယ် အဖေ....အဖေ နိုင်အောင်ပစ်ပေတော့... မနိုင်ရင်တော့ ကျောင်းလုံးဝမသွားဘူး...
ဟုအော်ဟစ်လေ၏ ။ထောင်ပိုင်ကြီးသည် ချွေးသီးချွေးပေါက်များ ကျလာပြီးအန်စာသုံးလုံးကို တုန်ယင်သောလက်များဖြင့်လှမ်းယူလိုက်၏ ။၎င်းတို့၏စကားကိုနားထောင်နေသော မောင်ပြည်တန်၏မိခင်ကမျက်မှောင်ကြုတ်၍
အစ်ကိုကြီးရယ်....ပေါက်ပေါက်ရှာရှာ ကလေးနဲ့ ပြိုင်ပြီး အန်စာပစ်ရတယ်လို့..
၁၃

ဟုရေရွတ်လေ၏ ။ထောင်ပိုင်ကြီးသည် ဘုရားစာများကိုရေရွတ်၍အန်စာများကို စားပွဲပေါ်သို့ လိမ့်လိုက်၏ ။အန်စာသုံးလုံးသည်ရပ်တန့်သွားပြီး သုံး၊တစ်၊ငါး၊ကိုး ပေါက်ကျလေရာ ထောင်ပိုင်ကြီး၏မျက်နှာပြုံးရွှင်သွားလေ၏ ။မောင်ပြည်တန်သည် အန်စာများကိုမကျေမနပ်ကြည့်၍ ကျောင်းတက်ရန်သဘောတူလိုက်၏ ။ ဤသို့ဖြင့် ထောင်ပိုင်လင်မယားသည် မောင်ပြည်တန်ကိုခေါ်၍ ဒေါက်ရထားဖြင့် ဆရာဦးဘလှကျောင်းသို့ ထွက်ခဲ့လေ၏ ။




ဆရာဦးဘလှကျောင်းသည်မြို့စွန်ရှိအရိပ်ကောင်း စွာရရှိသောခြံကျယ်ကြီးအတွင်းရှိ ရေးဆန်းဆန်း ဆောက်လုပ်ထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ပင်ဖြစ်သည် ။ဆရာဦးဘလှကျောင်းသည်အသင် အပြကောင်းမွန်ကြောင်း သတင်းကြီး၍ကျောင်း သား ၃၀၀ခန့်ရှိ၏ ။မောင်ပြည်တန်သည်ကျယ် ဝန်းသော ကျောင်းဝင်းကြီးနှင့်သီးပင်စားပင်များ ကိုမြင်သောအခါ ကျောင်းတက်ရန်နှစ်သက်သွား ၏ ။ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်ကြီးကတော် သည်မောင်ပြည်တန်အား ဆရာဦးဘလှထံသို့ ခေါ်ဆောင်သွားပြီး မုန့်များကိုလင်ပန်းနှင့် ထည့်ကာကျောင်းအပ်ခြင်း အခမ်းအနားကိုစ တင်လေ၏ ။ဆရာဦးဘလှကျောင်း၏ ကျောင်းဝင် ကြေးမှာ ကန်တော့ပွဲသို့မဟုတ်မုန့်တစ်ပန်း တန်ဖြစ်၏ ။ကျောင်းလခကိုရေဖိုးဟုခေါ်၍တစ် လလျှင် တစ်မတ်ပေးရ၏ ။ကျောင်းတွင်စာရေး ခုံဟူ၍ မရှိဘဲကြမ်းပြင်တွင်ထိုင်၍စာသင်ရ၏ ။ ဆရာဦးဘလှက ထောင်ပိုင်ကြီးအား...

ဟုမေးမြန်းလေရာထောင်ပိုင်ကြီး ကမပါကြောင်း ပြောလေ၏ ။ထိုအခါသင်ပုန်းဖိုး ပိုက်ဆံတစ်မူးပေး၍ ဝယ်ယူရလေ၏ ။သင်ပုန်းမှာသစ်သား ဖြင့်ပြုလုပ်ထား၍အနံတစ်ထွာ၊အလျား တစ်တောင်တစ်မိုက်ရှိ၏ ။


သစ်သားသင်ပုန်းကိုမကြာခဏမီး သွေးမွတ်၍ ထမင်းရည်သုတ်ပြီးအ ခြောက်ခံထားရ၏ ။သစ်သားသင်ပုန်း ပေါ်တွင် ကန့်ကူဆံနှင့်ရေးရလေ ၊ ကန့်ကူဆံမှာ နှစ်လက်မ၊သုံးလက်မ အရှယ်ရှိသော အကျိုးအပဲ့များကို နှစ်ပြားဖိုးမျှဝယ်လျှင် အုန်းမှုတ်ခွက် နှင့်တစ်လုံးနီးပါးရလေ၏ ။မောင် ပြည်တန်သည်မိဘနှစ်ပါးကကျောင်း တွင်ထား၍ ပြန်သွားသောအခါစိတ် အားငယ်သလို ခံစားရ၏ ။ဆရာဦးဘ လှ၏ ကျောင်းတွင်ကူညီ၍သင်ပြပေး သူဆရာကျော်နှင့် ဆရာငုံဆိုသော ဆရာနှစ်ဦးရှိ၏ ။
ဆရာငုံသည် မောင်ပြည်တန် ၏အနီးသို့ ရောက်လာပြီးသင် ပုန်းကိုယူကာ ကန့်ကူဆံဖြင့် ဝလုံးအနည်းငယ်ကို ရေးပြလေ ၏ ။ပြီးနောက်..
ဒီ
ဝလုံးတွေကို
ပိုင်းအောင်ရေး
ရမယ်
ဟုဆိုကာ မောင်ပြည်တန်ကိုထား၍ထွက် ခွာသွားလေ၏ ။မောင်ပြည်တန်သည်သင်ပုန်း ပေါ်တွင်ဝလုံးများရေးသားရင်းအချိန်ကုန်လေ ၏ ။သူသည်ညနေစောင်းသောအခါထောင်ပါ ဒါတစ်ဦးက ဒေါက်ရထားဖြင့်လာကြိုသဖြင့် ထောင်သို့ ပြန်ခဲ့လေ၏ ။အိမ်သို့ရောက်သော အခါထောင်ပိုင်ကြီးနှင့်ထောင်ပိုင်ကြီးကတော် ကကြိုဆို၍..


သား ကိုဘာတွေ သင်ပေးလိုက်သလဲ...
ဟုမေးမြန်းလေရာ မောင်ပြည်တန်က မျက်နှာကိုရှုံ့မဲ့၍သင်ပုန်းကိုပြကာ
ပျင်းဖို့ သိပ်ကောင်းတာပဲ ၊တစ်နေကုန် ဒါတွေပဲ ရေးနေရတယ်..
ဟုပြောလေ၏ ။ထို့နောက်သူ၏ အပေါင်းအသင်း ထောင်ကျအကျဉ်းသားများထံသို့သွား၍ ကစားလေတော့၏ ။မောင်ပြည်တန်သည်နေ့စဉ် ကျောင်းသို့သွားနေရသော်လည်း ဝလုံးရေးရန် စိတ်မဝင်စားသဖြင့် သူ၏ဝလုံးများသည် ဝိုင်းစက်ခြင်းမရှိပေ ၊ထို့ကြောင့် ဆရာငုံက မောင်ပြည်တန်ကိုခေါ်၍..
မောင်ပြည်တန် မင်းသိပ်ညံ့တယ်..ဝလုံးရေးတာ တစ်လလောက်ရှိပြီ..ဒီနေ့ အထိဝလုံးကိုဝိုင်းအောင် မရေးတတ်သေးဘူးလား...
ဟုကြိမ်းမောင်းလေ၏ ။မောင်ပြည်တန်သည် ညနေထောင်သို့ပြန်သောအခါဖခင်ကြီး၏ မြင်းများကိုထိန်းကျောင်းရသော ဖဲဝိဇ္ဇာဂွတ်အားကျောင်းတွင်အဆူခံရပုံကိုပြန်ပြောပြလေ၏ ။ဖဲဝိဇ္ဇာဂွတ်က တဟားဟားရယ်မော၍...




ဟုပြောလေ၏။မောင်ပြည်တန်သည် ဖဲဝိဇ္ဇာဝွတို၏စကားများကို လွန်စွာသဘောကျသွားပြီးသင်ပုန်းတွင် မြင်းချေးတုံးများနှင့်တူအောင် ကြိုးစားရေးလေ၏။သူသည် ထိုတစ်ညလုံးမြင်းချေးတုံးများကို ရေးလေ၏ နှစ်ရက်ခန့်ကြာသောအခါ ကျောင်းသားသစ်များကိုလိုက်လံကြည့်ရှုသော ဆရာကြီးဦးဘလှသည်မောင် ပြည်တန်၏ ဝလုံးများကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။သူ၏ဝလုံးများသည် ဝိုင်းစက်လှချည်တကား။ ဆရာကြီးသည် မသင်္ကာဖြစ်ကာမောင်ပြည်တန်အားကြည့်လျက်..




ဟု ခိုင်းစေလေရာမောင်ပြည်တန်က
ဦးဘလှရှေ့တွင်ပင် ဝလုံးများရေးပြလေ၏။
ဆရာကြီးသည်ဝိုင်းစက်သောဝလုံးများကို
ကြည့်၍ ယုံကြည်သွားပြီး..








ဟုမှာကြားလိုက်လေ၏ ။ထိုခေတ်ထိုအခါက သင်ပုန်းကြီးကို စတက်လျှင်ဆရာကြီးအား ငွေတစ်မတ်ကန်တော့ရပါသည် ။ဆင်တံဆိပ် သင်ပုန်းကြီးဖတ်စာအုပ်၏ တန်ဖိုးမှာနှစ်ပြား ဖြစ်၏ ။ထို့ကြောင့်ဦးဘလုကမောင်ပြည် တန်အား တစ်မတ်နှင့်နှစ်ပြားယူလာခိုင်းခြင်း ဖြစ်၏ ။နောက်တစ်နေ့ သင်ပုန်းကြီးစာအုပ် ကိုသင်ယူခါနီးသောအခါ ဆရာငုံကသင် ပုန်းကြီးဖတ်စာအုပ်ကို ရှိခိုးခိုင်းလေ၏ ။စာပေ ကိုတန်ဖိုးထားသောအလေးပြုသောသဘောဖြစ် ၏ ။





မောင်ပြည်တန်သည်သင်ပုန်းကြီးစာအုပ်ထဲမှ သင်ခန်းစာများကိုနားမလည်သောအခါထောင်ကျ အကျဉ်းသားများကိုမေးမြန်းလေ့ရှိ၏ ။အကျဉ်း သားများထဲမှစာတတ်ပေတတ်တစ်ဦးဖြစ်သော နေပြည်တော်ဆရာချစ်ဆိုသူကမောင်ပြည်တန်အား အားလပ်ချိန်တိုင်းသင်ပုန်းကြီးကိုနားလည်အောင် သင်ပြပေး၏ ။ဆရာချစ်သင်ပြပေးသောနည်းစနစ် မှာဆရာကြီးဦးဘလုကျောင်းထက်သာလွန် ကောင်းမွန်ပြီးစိတ်ဝင်စားဖွယ်ကောင်းသောကြောင့် မောင်ပြည်တန်သည်သင်ပုန်းကြီးကိုလျင် မြန်စွာကျေညက်သွားလေ၏ ။

တစ်နေ့သ၌ ဆရာကြီးဦးဘလှသည်မောင်ပြည်တန်ကိုခေါ်ယူ၍သင်ပုန်းကြီး၌ပါဝင်သောသင်ရိုးများကို မေးမြန်းကြည့်လေ၏ ။မောင်ပြည်တန်ကဒိုးဒိုးဒေါက်ဒေါက်ပြန်လည်ဖြေကြားနိုင်သဖြင့် မျက်လုံးပြူးသွားပြန်၏ ။ဤသူငယ်သည်သင်ပုန်းကြီးကို လျင်မြန်စွာကျေညက်နေပါတကား ။ထို့ကြောင့်ဆရာဦးဘလှက မောင်ပြည်တန်အားမင်္ဂလသုတ်တတ်ရန်ရက်ချိန်းပေးလိုက်၏ ။မောင်ပြည်တန်သည်မင်္ဂလသုတ်တက်ရမည်ဆိုသဖြင့် လွန်စွာပျော်ရွှင်သွားလေ၏ ။



မင်္ဂလသုတ်တက်ရသောကျောင်းသားသည်လွန်စွာမျက်နှာပွင့်ပန်းလှသည်မဟုတ်ပါတကား။မင်္ဂလသုတ်တက်ရမည့်နေ့တွင်မောင်ပြည်တန်သည်မိဘနှစ်ပါးနှင့်အတူကန်တော့ပွဲတစ်အုပ်နှင့်လာရ၏။ကန်တော့ပွဲထဲတွင်ငွေတစ်မတ်၊ဆန်တစ်ပြည်၊မုန့်နှင့်အဝတ်အထည်များစသည်ဖြင့်တတ်နိုင်သမျှထည့်ဝင်ရ၏။မင်္ဂလသုတ်တက်သောအခမ်းအနားမှာကျောင်းကြမ်းပြင်တွင်သင်ဖြူများခင်း၍ကန်တော့ပွဲများပြင်ဆင်ထား၏။မောင်ပြည်တန်အပါအဝင်မင်္ဂလသုတ်တတ်မည့်ကျောင်းသားငါးယောက်မှာရှေ့တန်းတွင်ထိုင်၍သင်ပုန်းကြီးစာအုပ်နောက်ပိုင်းတွင်ပါသောမင်္ဂလသုတ်ကိုဖွင့်ထား၏။မကြာမီဘုန်းကြီးကြွလာပြီးငါးပါးသီလခံယူကာမင်္ဂလာတရားတော်ကိုဟောကြားပါသည်။ပြီးနောက်တွင်မှ ဆရာကြီးဦးဘလှနှင့်ဆရာကျော်ဆရာငုံတို့မှာ ဝတ်ဖြူစင်ကြယ်များဝတ်၍ကန်တော့ပွဲအနီးတွင်ထိုင်ပြီးကျောင်းသားများကကန်တော့ကြပါသည် ။

ထိုဆရာကြီးဦးဘလှကမင်္ဂလသုတ်၏အကြောင်းကိုအနည်းငယ်ရှင်းပြ၍စာတတ်မည့်ကျောင်းသားများမင်္ဂလသုတ်ချပေးသည်။ထိုခေတ်ကမင်္ဂလသုတ်တက်သောအခမ်းအနားကိုကြည့်၍ကျောင်းသားမိဘများအားအလွန်စိတ်အားတက်ကြွ၍ဂုဏ်တက်ကြပါသည် ။




နေ့လယ်မုန့်စားဆင်းချိန်တွင် ဆရာကတော်ကြီးနှင့်တူမများသည်မုန့်မျိုးစုံပါဝင်သောလင်ဗန်းကြီးကို ထုတ်ယူလာလေ၏ ။ထိုလင်ဗန်းကြီးထဲတွင်ဘယာကြော်၊မုန့်လက်ကောက်၊ကောက်ညှင်းကျည်တောက်၊ မာလကာသီးစသော တစ်ပြားတန်မုန့်မျိုးစုံ ပါဝင်၏ ။


မောင်ပြည်တန်သည်ထောင်ပိုင်ကြီး၏သားဖြစ်သဖြင့် မုန့်ဖိုးတစ်နေ့လျှင်တစ်ပဲ(မလေးပြား)ရသဖြင့်မုန့်မျိုးစုံကို ဝယ်ယူစားသောက်နိုင်၏ ။
သူသည်မင်္ဂလသုတ်တက်သောအချိန်၌ သူငယ်ချင်းများရနေပီဖြစ်သဖြင့်မုန့်စားလွှတ်ချိန်တွင်ကျောင်းဝင်းအတွင်း၌ မျောက်ရှုံးအောင်ဆော့ကစားလေ၏။
မောင်ပြည်တန်နှင့်အတူမင်္ဂလသုတ်တက်သောကျောင်းသားငါးယောက်အနက်မောင်ဘသင်ဆိုသောကျောင်းသားမှာအနွမ်းပါးဆုံးဖြစ်၏။သူ၏မိခင်သည်မြို့တစ်နေရာ၌အကြော်ရောင်း၍မောင်ဘသင်အားကျောင်းထားရခြင်းဖြစ်၏။မောင်ဘသင်သည်ဆင်းရဲနွမ်းပါးသော်လည်းကျောင်းသားငါးယောက်ထဲတွင်အကြိုးစားဆုံးဖြစ်၏ ထို့ကြောင့်ပင်မောင်ပြည်တန်နှင့်မောင်သဘင်သည်စာအတော်ဆုံးဖြစ်၏။ကျန်သောသုံးယောက်အဖွဲ့မှာစက်သူဌေးသားနှစ်ယောက်နှင့်ခေါက်ဆွဲဆိုင်ပိုင်ရှင်သားတစ်ယောက်ဖြစ်၏။၎င်းတို့သုံးယောက်အဖွဲ့တွင်စက်သူဌေးသားညဏ်ဝင်းဆိုသူသည်လွန်စွာစိတ်သဘောထားယုတ်မာပြီးကောက်ကျစ်စဉ်းလဲသူဖြစ်၏။

သူသည်သုံးယောက်အဖွဲ့တွင် ခေါင်းဆောင်လည်းဖြစ်၏။တစ်နေ့သ၌ဆရာငုံ၏ရှေ့တွင်မင်္ဂလသုတ်တက်သောကျောင်းသားငါးယောက်သည် စာအံရလေ၏။ထိုအခါ မောင်ပြည်တန်နှင့်မောင်ဘသင်ကကျောင်းကျောင်းပြေးရွတ်နိုင်သော်လည်း စက်သူဌေးသားအဖွဲ့မှာမရွတ်ဆိုနိုင်ခဲ့ပေ။ထို့ကြောင့်ဆရာငုံကစက်သူဌေးသားညဏ်ဝင်းတို့သုံးယောက်အား ကြိမ်လုံးဖြင့်တစ်ချက်စီရိုက်နက်၍...




ဆရာငုံကလည်း မောင်ဘာသင်ကိုဥပမာ ထား၍နေ့စဉ်ဆုံးမလေ၏ ။မောင်ပြည်တန် သည်မုန့်စားလွတ်သည့်အချိန်တိုင်းတွင် မုန့်တစ်ပဲဖိုးဝယ်ယူ၍ ဆင်းရဲနွမ်းပါးသော မောင်ဘာသင်အား မုန့်များဝေမျှပေးလေ့ ရှိ၏ ။
မောင်ဘာသင်သည်တစ်ပတ်လျှင်တစ်ရက် နှစ်ရက်မျှသာမုန့်ဖိုးတစ်ပြားရလေ၏ ။ကျန် သောနေ့များတွင်သူ့မိခင်အကြော်ဖိုမှအကြော် တစ်ခုနှစ်ခုကိုဖက်ဖြင့်ထုပ်ယူ၍ယူလာလေ့ရှိ ၏ ။မောင်ပြည်တန်သည်မောင်ဘာသင်ယူလာ သောအကြော်များကိုစား၍မောင်ဘာသင်အား ဆရာကတော်၏မုန့်များကိုဝယ်ကျွေးလေ၏ ။ ထိုမြင်ကွင်းကိုကြည့်၍စက်သူဌေးသားအဖွဲ့က မကြားတကြားဖြင့်..
သူများ မုန့်ကို ကပ်ရပ်စားသောက် နေရတဲ့ကောင်နဲ့...စာ အတူတူပြိုင်ရတာနာ တယ်ကွာ..
ဟုပြောဆိုလေရာမောင်ဘာသင်သည်ရှက်ကိုး ရှက်ကန်းဖြစ်သွားလေ၏ ။




ဟုအားပေးစကားပြောလေ၏ ။မောင်သဘင်သည်ရိုးသားအေးဆေးသူတစ်ဦးဖြစ်သဖြင့်စက်သူဌေးသားအဖွဲ့ကနိုင်လိုမင်းထက် ပြုမူကြလေ၏ ။၎င်းတို့သည်မောင်သဘင်အား မမြင်သလိုနှင့်ပခုံးချင်းဝင်တိုက်တတ်လေ၏ ။မောင်သဘင်၏သင်ပုန်းတွင်ရေးသောရသောကန့်ကူဆံများကိုချိုးဖဲ့ပစ်ကြ၏ ။တစ်နေ့သ၌ မောင်သဘင်၏ဆိုင်မှယူလာသော အကြော်များကိုကြမ်းပြင်ပေါ်တွင်ချထားစဉ်ညဏ်ဝင်းကခြေဖြင့် နင်းချေလိုက်၏ ။မောင်ပြည်တန်သည်ထိုမြင်ကွင်းကိုကြည့်၍ငြိမ်မနေနိုင်တော့ဘဲ..




ဟုဆိုကာသူတောင်းစားပေးသကဲ့သို့ ငွေတစ်ပြားကိုပစ်ပေးလေသည် ။

မောင်သဘင်သည် အံကိုကြိတ်၍ငွေတစ်ပြားကိုမယူချင်ကြောင်းငြင်းဆိုလေ၏ ။မောင်ပြည့်တန်သည် ထိုအဖြစ်အပျက်များကိုသူ၏ထောင်သားမိတ်ဆွေများကိုပြောပြလေရာလိမ်ညာမှုပေါင်းစုံဖြင့်ထောင်ကျလာသောဦးတုတ်စိန်ဆိုသူက




တရုတ်အရှောင်၏အနီးတွင်ညဏ်ဝင်းနှင့်သူငွေးသား တစ်ယောက်လည်းရှိ၏။ မောင်ပြည်တန်သည် ၎င်းတို့၏ စကားကိုနားထောင်၍ တစ်စုံတစ်ရာကိုစဉ်းစားမိပြီး ထိုနေရာမှခပ်သွက်သွက်ထွက်ခဲ့၏ ။ခဏအကြာတွင် ၎င်းတို့အနီးသို့ ဆရာငုံနှင့်စက်သူဌေးသားအုပ်စုရောက် လာပြီးလျှင် ဆရာငုံက..
အရှောင် ရဲ့မှုးစေ့တွေပျောက်သွားတဲ့အတွက် မင်္ဂလ သုတ် တက်တဲ့ကျောင်း သားတွေကိုရှာရမယ်..
ဟုပြောလေရာမောင်ပြည်တန် ကမျက်မှောင်ကြုတ်၍..
ကျွန်တော် တို့ သူများပစ္စည်း မခိုးတတ်ဘူး..
ဟုငြင်းဆိုလိုက်ရာစက်သူဌေးသား ညဏ်ဝင်းကဝင်၍..
မခိုး တတ်ရင်လွယ် အိတ်ကိုအရှာခံ လိုက်ပေါ့ကွာ..
၎င်းတို့၏အဖော်ကျော်ဦး ကလည်း..
ဟုတ်တယ် မခိုးရင် အရှာခံရဲ ရမှာပေါ့....ငါတို့က ရိုးသားတော့ အရင် ဆုံး အရှာခံနိုင် တယ်..


ဟုဆိုကာသူ၏လွယ်အိတ်ကိုဆရာငုံ ကယူလာလေ၏ ။စက်သူဌေးသား ကလည်း လွယ်အိတ်ကိုယူ၍
မင်္ဂသုတ် တက်ပြီး မဟုတ် တာလုပ်တဲ့ကောင်တွေ မိရင်တော့ ငါ့ရဲ့ကြိမ် လုံးနဲ့တွေ့မယ်..
ဟုပြောလေ၏ ။မောင်ဘသင်သည် ရိုးသားသူဖြစ်၍ ဆရာငုံ့ရှေ့သို့သွား ကာ..
ဆရာ ကျွန်တော်ကဆင်းရဲ ပေမဲ့ အကျင့်စာရိတ္တ မပျက်ပါဘူး..ကျွန် တော့်လွယ်အိတ်ထဲ မှာရှာပါ..
ဟုပြောလေ၏ ။မောင်ပြည်တန်သည် အားလုံးက အရှာခံရန်သဘောတူနေ သဖြင့်မငြင်းဆန်တော့ဘဲ၊လွယ်အိတ် ကိုဆရာငုံ့ရှေ့သို့ချထားလိုက်၏...။ ဆရာငုံ့သည်မောင်ပြည်တန်၏လွယ် အိတ်ကို သွန်မှောက်လိုက်သောအခါ တစ်ဇေ၊ကနံ့ကူထံအကျိုးအပဲ့ ဂေါ်လီဂျင်စသည့်ကစားစရာပစ္စည်း များကိုတွေ့ရလေ၏ ။ဆရာငုံ့က...
မောင် ပြည်တန်ဆီမှာ တော့ မတွေ့ဘူး ဟေ့..
၂၇


ဟုဆိုကာသူဌေးသားကျော်ဦး၏ လွယ်အိတ်ကို ရှာဖွေပြန်၏ ။ ကျော်ဦး၏လွယ်အိတ်ထဲတွင်လည်း ပဲစေ့နှင့်ပြားစေ့များကိုသာတွေ့ရ၏ ။
ဆက်လက်၍ဆရာငုံကမောင်သဘင် လွယ်အိတ်ကိုရှာဖွေရန်ယူလိုက်၏ ။ ထို့နောက်ခုံပေါ်သို့သွန်မှောက်လိုက်သောအခါ ကန့်ကူဆံအကျိုးအပဲ့များ သရက်သီးစိမ်းများနှင့် မန်ကျည်းမှည့်များကိုသာတွေ့ရ၏...။ဆရာငုံက သက်ပြင်းချ၍
မတွေ့ဘူးဟေ့....ညဏ်ဝင်း လွယ်အိတ်ကိုပဲရှာရတော့မယ်..
ဟုဆိုလိုက်ရာညဏ်ဝင်းသည်အကြောင်းကြောင်းမျက်နှာသေးနှင့် လွယ်အိတ်ကိုထိုးအပ်လေ၏ ။ညဏ်ဝင်း၏လွယ်အိတ်ကို သွန်မှောက်ချလိုက်သောအခါ အနီရောင်စက္ကူဖြင့်ထုပ်ထားသောအထုပ်လေးတစ်ထုပ်ကိုတွေ့ရ၏ ။ဆရာငုံက..


ဘာ
ထုပ်လေးလဲ
ဟုရေရွတ်ကာအထုပ်လေးကိုဆွဲယူလိုက်၏ ။ဉာဏ်ဝင်းသည်အနီရောင်စက္ကူထုပ်လေးကိုမြင်သည်နှင့်မျက်စိမျက်နှာ အကြီးအကျယ်ပျက်သွားပြီး
ဆရာ
ကျွန်တော်မ
ယူဘူး...
ဟုငြင်းဆန်လိုက်၏ ။ဆရာငုံသည်အနီရောင်စက္ကူထုပ်ကို ဖြေလိုက်သောအခါမုန့်စေ့အသစ်စက်စက် ဆယ်စေ့ကို တွေ့ရလေ၏ ။ဉာဏ်ဝင်းသည်တရုတ်အရောင်နှင့်တိုင်ပင်၍မောင်ဘသင်လွယ်အိတ်ထဲသို့ အနီရောင်စက္ကူထုပ်လေးကို သူကိုယ်တိုင်ထည့်လိုက်ခြင်းဖြစ်၏ ။မောင်သဘင်အားမုန့်စေ့ဆယ်စေ့ကို ခိုးယူသူအဖြစ်အရှက်ရစေရန် ကြံစည်လိုက်ခြင်းဖြစ်၏ ။သို့သော်ဆရာငုံကလွယ်အိတ်များကိုရှာဖွေသောအခါ မုန့်စေ့ဆယ်စေ့ပါသောအနီရောင်အထုပ်လေးသည်မည်သို့မည်ပုံသူ၏လွယ်အိတ်ထဲသို့ရောက်နေသည်မသိ ။ဆရာငုံသည်သူခိုးကိုလက်ပူးလက်ကြပ်မိနေသဖြင့် လွန်စွာဒေါသဖြစ်သွားပြီး


သြော် လက်စသတ်တော့ မုန့်စေ့တွေကိုခိုးတာ ဉာဏ်ဝင်းဖြစ်နေပါလား ။သေပေတော့ စက်သူဌေးသားဖြစ်ပြီး အကျင့်စာရိတ္တမကောင်းတဲ့ကောင်...
ဟုဆိုကာကြိမ်လုံးဖြင့်တရွမ်းရွမ်းရိုက်လေ၏ ။ဉာဏ်ဝင်းသည်အမလေးအမလေးတ၍သူမယူကြောင်းငြင်းဆိုလေ၏ ဆရာငုံသည်ဉာဏ်ဝင်းကဝန်မခံသဖြင့် ပိုမိုဒေါသဖြစ်သွားပြီး...
လက်ပူးလက်ကြပ်မိနေတာ တောင်ဖြောင်ငြင်းတဲ့ကောင် ။ကိုယ့်အပြစ်ကိုယ်ဝန်မခံဘူးလား..
ဟုကြိမ်းမောင်းကာကြိမ်လုံးဖြင့်ရိုက်နေ၏ ။ထိုအခိုက်မှာပင်ဆရာကြီးဦးဘလူနှင့်ဆရာကျော်တို့အနားသို့ရောက်လာပြီးဖြစ်ကြောင်းကုန်စင်မေးမြန်းလေ၏ ။ဆရာငုံကအကြောင်းစုံကို ရှင်းလင်းပြလေရာ ဆရာဦးဘလူကနားထောင်၍..
မနက်ဖြန်ဉာဏ်ဝင်းတို့မိဘနှစ်ပါးကိုခေါ်ပြီး ဒီအကြောင်းအသိပေးရမယ်..
ဟုပြောလေ၏ ။နောက်တစ်နေ့တွင်ဆရာကြီးဦးဘလူကျောင်းသို့စက်သူဌေးမယားလိုက်လာပြီးအကြောင်းစုံကိုသိရလေရာဉာဏ်ဝင်း၏ ဖခင်သည်လွန်စွာအရှက်ရသွားပြီးလျှင်..